မည်သူမဆို ငါကိုယ်တော့်အပေါ် စလာမ်ပို့သလျှင်၊
ငါတော်သည် ထိုသူ့အား စလာမ်ပြန်လည်‌ ဖြေကြားနိုင်ရန်
အလ္လာဟ်အရှင်မြတ်သည် ငါကိုယ်တော့်ဝိညာဉ်ကို
ငါကိုယ်တော့်ထံ ပြန်လည်ပေးတော်မူသည် ။
အဗူဟူရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မည်သူမဆို
ငါကိုယ်တော့်အပေါ် စလာမ်ပို့သလျှင်၊ ငါတော်သည် ထိုသူ့အား စလာမ်ပြန်လည်‌
ဖြေကြားနိုင်ရန် အလ္လာဟ်အရှင်မြတ်သည် ငါကိုယ်တော့်ဝိညာဉ်ကို ငါကိုယ်တော့်ထံ
ပြန်လည်ပေးတော်မူသည် ။
[إسناده حسن] [رواه أبو داود وأحمد]
တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားသည်မှာ - မည်သူမဆို အနီးမှဖြစ်စေ၊
အဝေးမှဖြစ်စေ ကိုယ်တော်မြတ်အ‌ပေါ် စလာမ်ပို့သလျှင် ထိုသူ့အား စလာမ်ပြန်လည်‌
ဖြေကြားနိုင်ရန် ကိုယ်တော်၏ဝိညာဉ်ကို (အလ္လာဟ်အရှင်မြတ်က) ပြန်လည်ပေးတော်မူသည်ဟု
မိန့်ကြားခဲ့သည်။ သို့ရာတွင် သိနားလည်ထားရမည့် အချက် မှာ - ဗရ် ဇခ်လောက
(သေပြီးနောက်ရှိသော ကြားကာလဘဝ) နှင့် ကဗရ်သင်္ချိုင်းများအတွင်း ရှိသောအရာများသည်
အကွယ်မှကိစ္စရပ်များဖြစ်ပြီး၊ ယင်းတို့၏ အမှန်တကယ်အခြေအနေကို
အလ္လာဟ်အရှင်မြတ်သာလျှင် သိတော်မူသည်။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ်
စွမ်းဆောင်နိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။
https://sunnah.global/hadeeth/my/show/6222